ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



## ဆီးပူကုန်းကျေးရွာ၊ မြလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဆီးပူကုန်းကျေးရွာ၊ မြလဲကျေးရွာအုပ်စု


### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ.....၁
မြလဲကျေးရွာအုပ်စုမြေပုံ.....၂
မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း.....၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ.....၄
လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်.....၄
ကျေးရွာသမိုင်းအကျဉ်းချုပ်.....၅
ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း.....၆
ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်.....၇
ကျား/မ ပင့်ကူအိမ်.....၈
ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်.....၉
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ.....၁၀
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်.....၁၁
ရာသီခွင်ပြ ပြက္ခဒိန်.....၁၂
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်.....၁၃
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ.....၁၄
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ.....၁၅
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1).....၁၆
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2).....၁၉
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3).....၂၀
နောက်ဆက်တွဲ၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(၄).....၂၁
ကျေးရွာအစည်းအဝေးမှတ်တမ်းများ.....၂၂
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်.....၂၃

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ




# မြလဲကျေးရွာအုပ်စုမြေပုံ


မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
အနောက်
အရှေ့
တောင်
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖူးရေချောင်း
ဂါသောခိုရွာဟောင်း
ထီးဆိုတော်ရွာဟောင်း
စီစန်နို
လော်ခိုသာ
လိုဘောခို
ဆိုလဖဲခို
လွိုင်နန်းဖ
တေးခေခို
ထီးဆိုတော်လယ်တု
နန်းစံဖူးရေထွက်ပေါက်
မြလဲ
ဆီးပူကုန်
ဆီးမီဆုဝ်ု
ဆီးမီဆိုဒါး

## မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၁၈၉ | ၁၉၃ | ၃၈၂ |
| ၂ | ဆီးမီဆိုဒါး | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၃ | ဆီးမီဆိုလား | ၂၂ | ၆၀ | ၅၅ | ၁၁၅ |
| ၄ | ဆီးပူကုန်း | ၃၀ | ၈၁ | ၈၃ | ၁၆၄ |
| ၅ | လွိုင်နန်းဖ | ၃၃ | ၉၂ | ၈၅ | ၁၇၇ |
| ၆ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၁၄၈ |
| ၇ | လိုဘေခို | ၃၆ | ၉၀ | ၉၃ | ၁၈၃ |
| ၈ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၉ | စီစန်းခို | ၄၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ထီးလယ်ကုန်း | ၂၇ | ၇၁ | ၆၈ | ၁၃၉ |
| ၁၂ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၃ | ဝါသောခိုရွာဟောင်း | ၃၅ | ၈၇ | ၈၄ | ၁၇၁ |
| စုစုပေါင်း | | ၄၇၃ | ၁၂၁၉ | ၁၂၁၄ | ၂၄၃၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၆) = (၂၄) ဦး*

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဆီးပူကုန်းကျေးရွာသည် ဒီးမောဆိုမြို့နယ်၏ အနောက်ဘက် ဒီးမောဆို-တောင်ငူလမ်းမှ ဖြာထွက်လာသော လွိုင်နန်းဖကွန်ကရစ်လမ်းပေါ် (၁.၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် ဒေါ်ဆီးအီ၊အနောက်ဘက်တွင် တောင်တန်းများရှိပြီး ထူးခြားသည်မှာ ကျေးရွာ၏ဆုတောင်းတောင်တွေ့ရှိရပါသည်။ ကျေးရွာ၏တောင်ဘက်တွင် ကျေးရွာအတွက် အဓိကအားထားရပြီး အမြဲအသုံးပြုမှီခိုနေသော နန်းစံဖူးရေချောင်းငယ်လေးတည်ရှိပါသည်။ ထိုနန်းစံဖူးရေချောင်းငယ်သည် လယ်ယာစိုက်ပျိုးသူများအတွက် အဓိကသုံးရေဖြစ်ပြီး နွေရာသီတွင်လည်း လယ်ယာရေသွင်းငါးမွေးမြူသောသူများလည်းရှိနေပါသည်။ထိုရေချောင်းသည်လည်း ငွေတောင်ဆည်အတွက်လည်း အကျိုးပြုနေသည်ကိုတွေ့ရှိနေရပါသည်။ ကျေးရွာ၏အနောက်ဘက်သို့ဆက်သွားပါက မြလဲကျေးရွာသို့ ရောက်ရှိမည်ဖြစ်သည်။

ကျေးရွာတွင်းတွင် အခြေခံအဆောက်အဦးများဖြစ်သော ဆေးပေးခန်း၊ ဘုရားကျောင်း၊ မူကြိုကျောင်းနှင့်ရေလှောင်ကန်များရှိနေပါသည်။ အခြားအဖွဲ့အစည်းများ၏ထောက်ပံ့မှုနှင့်တကွ ရွာလူထုပူးပေါင်း ပါဝင်မှုဖြင့် ကျောက်ချောလမ်းများခင်းကျင်းထားသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကို သုံးသပ်ရာတွင် ကျေးရွာ စာသင်ကျောင်းများ မရှိသေးသဖြင့် မူလတန်းကျောင်းသူ/သားသည် ကျေးရွာအနီးအနားသို့ သွားရောက် ပညာသွား ရောက်ဆီးပူးကြပြီး အလယ်တန်းနှင့်အထက်တန်းကို လှိုင်နန်းဖကျောင်းသို့ သွားရောက် ဆည်းပူးနေကြ၍ ကျေးရွာအတွက် စာသင်ကျောင်းများ လိုအပ်နေသေးပါသည်။ ထိုအပြင် ကျေးရွာအစည်း အဝေးပြုလုပ်နိုင်ရန်အတွက် အစည်းအဝေးခန်းမဆောင်များလိုအပ်နေသေးသည်ဟု သုံးသပ်ရရှိ ပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်


## ကျေးရွာသမိုင်းအကျဉ်းချုပ်

ဆီးပူကုန်းကျေးရွာ မဖြစ်တည်ချိန် ရှေးယခင်က ဘိုးဘေးများသည် ဆီးပူကုန်းရွာ၏ အနောက်တောင်ဘက်အရပ်တွင် ကိန်ရွာအဖြစ် နေထိုင်ခဲ့ကြပါသည်။ ကပ်ရောဂါကြောင့် ကျေးရွာ အရပ်ရပ်သို့ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ လူနည်းစုက ဆီးပူကုန်း၏ အနောက်နား ပလန်းတောင်တွင် ပြောင်းရွှေ့ နေထိုင်ခဲ့ကြပါသည်။ တစ်ဖန် ကပ်ရောဂါကြောင့် လူနည်းစုသာကျန်ရစ်ပြီး အရပ်ရပ်သို့ နောက်ထပ်နေရာသစ်သို့ ရွှေ့ပြောင်းနေထိုင်ခဲကြပါသည်။ ၁၉၃၀ ဝန်းကျင်တွင် ကိန်အမျိုးသား ဦးကူချောင်းမှ မိမိ နယ်မြေသစ်ဖြစ်သော ယခုဆီးပူကုန်းသို့ပြန်လည်အခြေချနေထိုင် ခဲ့သည်။ လူနည်းခြင်းကြောင်း နီးစပ်ရာကလည်း အတူလာရောက်နေထိုင်ခဲ့ကြပါသည်။

ဆီးပူကုန်းကျေးရွာနေထိုင်သူများသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်စား သောက်ခဲ့ကြပါသည်။ ကျေးရွာတွင်းနေထိုင်သူများသည် ကယန်းလူမျိုးများဖြစ်ပြီး ခရစ်ယာန် ဘာသာဝင်များဖြစ်ကြပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ဥစ္စာခနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း





*ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၆) = (၂၄) ဦး*

ဆီးပူကုန်းကျေးရွာတွင် ကျေးရွာလူထုနှင့်ဆွေးနွေးဖော်ထုတ်ခြင်းအရ လူနေမှု အဆင့်သုံးဆင့်ဖြစ်နေထိုင်ကြသည်ကိုတွေ့ရှိရပါသည်။ ၄င်းတို့မှာ ချမ်းသာသော အုပ်စု ၊ အလယ်အလတ်အုပ်စုနှင့် ဆင်းရဲသောအုပ်စုဟူ၍ ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများသည် လယ်ယာများ လုပ်ကိုင်စားသောက် ကြသော်လည်း ထိုသူတို့၏ယခင်က အရင်းအနှီးရှိထားမှုကြောင့် မြေဩဇာများထည့်နိုင်ခြင်း၊ လူများငှားရမ်းခေါ်ယူ နိုင်ခြင်းကြောင့် ဝင်ငွေများပိုမိုရ ရှိနိုင်ခဲ ပါသည်။ထိုသူတို့၏ တစ်နှစ်တာဝင်ငွေမှာ (၂၀)သိန်းဝန်း ကျင်ရှိပါသည်။ အလယ်အလတ်အုပ်စုများသည် လယ်ယာများလုပ်ကိုင် စားသောက်ကြသော်လည်း လယ်ယာပိုင်ဆိုင်မှု အားနည်းခြင်းကြောင့် လုပ်သားငှားမှုအားနည်းခြင်းဖြင့် တစ်နှစ်တာဝင်ငွေများ မှာ(၁၀)သိန်းမှ (၁၅)သိန်းဝန်းကျင်ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် လယ်ယာမြေများပိုင်ဆိုင်မှုမရှိ၍ ကျေးရွာအတွင်းရှိအဆင်ပြေသောအိမ်စုထံမှ အလုပ်များသောကာလတွင် နေ့စားလိုက်ခြင်း၊ အလုပ်မရှိသောကာလတွင် အချို့မိသားစုဝင်တို့သည် ကျေးရွာပြင်ပမှ ရံဖန်ရံခါခေါ်သောအလုပ်တွင် သွားရောက် လုပ်ကိုင်စားသောက်ကြပြီး ထိုသူတို့၏ တစ်နှစ်တာဝင်ငွေများ မှာ (၈)သိန်းအောက်သာ ရရှိနေပါသည်။

ထိုကြောင့် ဥစ္စာစနက္ခြယ်ဝမှုကိုသုံးသပ်ရာတွင် ကျေးရွာတွင်းအဆင်မပြေသောအိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းအားနည်းခြင်း ၊အလုပ်အကိုင်ရှိသော်လည်းလုပ်အားခအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုမှာလည်းအားနည်းနေသည်ကိုတွေ့ရှိရပြီး အခြားပြင်ပအဖွဲ့အစည်းများမှ ကျေးရွာအတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်းသီးပေးခြင်း ၊ထိုသူတို့ကိုအသက်မွေးနိုင်သောပညာ တစ်စုံတစ်ခုများပေးနိုင်ခြင်းဖြင့် စားဝတ်နေရေးအတွက်အဆင်ပြေလာသောကျေးရွာတစ်ရွာဖြစ်လာမည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ကျား/မ ပင့်ကူအိမ်



*ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၆) = (၂၄) ဦး*

ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ဆီးပူကုန်းကျေးရွာ၏ လက်ရှိအမျိုးသားနှင့် အမျိုးသမီးများကွာခြားမှုများကို ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများနှင့် ဆွေးနွေးသောအခါ အခြေအနေကွာဟနေသည်ကို တွေ့ရှိနေရပါသည်။ အချို့နေရာတွင်မှာ လည်း တန်းတူအနေအထားရှိနေသည်ကို တွေ့နေရပါသည်။

ဆီးပူကုန်းကျေးရွာသည် ပညာရေးနှင့်ပတ်သက်၍ ခွဲခြားမှုမရှိဘဲ တန်းတူပညာသင်ကြား ခွင့်ကို သားသမီးများအား ပေးထားကြောင်း တွေ့ရပါသည်။ သို့သော်လည်းကျေးရွာတွင် ပညာတတ်နည်းရခြင်း အကြောင်းရင်းမှာ အများစုက သားသမီးပညာသင်ကြားရေးအတွက် မထောက်ပံ့နိုင် သောကြောင်း တန်းတူခွင့်ပေးသော်လည်း ပညာရေးအားနည်းနေရခြင်းဖြစ်သည်။

ဦးဆောင်ပိုင်ခွင့်နှင့်ပတ်သက်ပြီး အမျိုးသမီးများသည် အမျိုးသားများထက် အားနည်းနေ သည်ကိုတွေ့ရှိရပါသည်။ကိစ္စသေးငယ်သောအရာများသည် အများသမီးကို ဦးဆောင်ခွင့်ပေးထား သော်လည်း အရေးပါသောအရာများသည် အမျိုးသားများသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါ သည်။


အမွေရပိုင်ခွင့်ကို လူမျိုးစု၏ ဓလေ့ထုံးတမ်းအရ အမျိုးသမီးများသည် အမျိုးသားများထက် ရပိုင်ခွင့် အလွန်နည်းနေသည်ကို တွေ့ရပါသည်။ လုံခြုံမှုတွင်မူ မည်သို့မည်ဖြစ်စေ အမျိုးသမီးများ အတွက် လုံခြုံမှုသည် အမျိုးသားများထက် လျော့နည်းနေသည်ကိုတွေ့ရှိရပါသည်။ထိုသို့ဖြစ်ရခြင်း မှာလည်း အမျိုးသမီးများ၏ ဇီဝခန္ဓာဖွဲ့စည်းပုံအရ ဖြစ်နေသည်ဟုသုံးသပ်ရပါသည်။

ကျေးရွာအတွင်းရှိ အမျုိးသမီးအများစုသည် အိမ်မှုကိစ္စကို အ မျိုးသားများထက် ဆောင်ရွက် နေကြသည်ကို တွေ့ရှိရပါသည်။ အမျိုးသားဘက်မှာလည်း အိမ်မှုကိစ္စတွင် ပါဝင်ကူညီသည်ဟု ဆိုကြ သော်လည်း အများစုမှာ အမျိုးသမီးများသာဆောင်ရွက်နေကြပါသည် ။

ကျေးရွာအတွင်းရှိ အမျိုးသမီးနှင့်အများသားများသည် လုပ်အားခရရှိမှုတွင် အနည်းငယ် ကွာခြားလျက်ရှိပါသည်။ အများအားဖြင့် ကြုံရာဂျပန်းလုပ်ငန်း အလုပ်လုပ်ကိုင်နေသူများ သောကြောင့် လုပ်အားခတွင် ကွာခြားရခြင်းဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းတွင်လည်း အမျိုးသမီးများထက် အမျိုးသားများသာနေသည် ကိုတွေ့ရှိနေရပါသည်။ အများစုမှာလည်း အမျိုးသမီးကသာအိမ်မှုကိစ္စတွင် အချိန်ကုန်ပြီး အပြင်ဘက်အလုပ်အကိုင် အခွင့် အလမ်းနည်း နေသည်ကို တွေ့ရှိနေရပါသည်။ ထို့ကြောင့် ကျေးရွာရှိအမျိုးသားများအနေဖြင့် အမျိုးသမီးများအား လက်တွဲခေါ်ရန်များစွာ လိုအပ်နေသေးကြောင့် နှင့် ပညာရေးဘက်တွင်လည်း ပိုမိုအားစိုက်ခြင်းဖြင့် အမျိုးသမီးစွမ်းဆောင်ရည် ပိုမိုမြင့်တင်ရန် လိုအပ်နေသေးကြောင်း သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



*ပါဝင်ဆွေးနွေးသူ  - ကျား (၈) + မ (၁၆) = (၂၄) ဦး*

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ဆီးပူကုန်းကျေးရွာအနေဖြင့် တစ်ရွာလုံးခြုံကြည့်လျှင် အဖွဲ့အစည်းအမျိုးအစားပေါင်းသုံးဖွဲ့ ရှိနေသည်ကို တွေ့ရှိရပါသည်။ ၎င်းမှာအုပ်ချုပ်ရေးအဖွဲ့၊ဘာသာရေးအဖွဲ့နှင့် ဖွံ့ဖြိုးရေးအဖွဲ့ဟူ၍ရှိနေပါသည်။ အုပ်ချုပ်ရေးကိုအဓိအားဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာအတွက်အဓိကအရေးကြီးသောအဖွဲ့များဖြစ်ပါသည်။ ယင်းအဖွဲ့သည် ကျေးရွာပြင်ပမှလာသောအဖွဲ့အစည်းအားလုံးတို့ကို ကျေးရွာလူထုနှင့်ချိတ်ဆက်ပေးခြင်း၊ ကျေးရွာတွင်းပြဿနာများပေါ်ပေါက်လာပါက ကူညီဖြေရှင်းပေးခြင်းဖြင့်အဓိလုပ်ဆောင်ပေးပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် မရှိမဖြစ် ဩဇာလွှမ်းမိုးမှု ရှိသကဲ့သို့ ဘာသာရေးအဖွဲ့သည်လည်း အရေးကြီးသော နေရာတွင်လည်း ရှိနေပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ အဓိကလုပ် ဆောင် ချက်မှာ ကျေးရွာပြင် ပမှရောက် ရှိလာသော အဖွဲ့အစည်းများ အားလုံးတို့ကျေးရွာ လူထုနှင့်ချိတ်ဆက်ပေးခြင်း၊ ကျေးရွာ တွင်းပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်လာပါက ကြီးသောအမှုကို ငယ်အောင် နှင့် ငယ်သောအမှုကို ပပျောက်အောင် ဆောင်ရွက်ပေးပါသည်။ ဘာသာရေးအဖွဲ့များ ဆိုရာတွင် ကလေးသူငယ်အဖွဲ့နှင့် အသင်းတော်ကော်မတီများ ပါဝင်ပြီး ၎င်းအဖွဲ့သည် လူအများ ယဉ်ကျေးလိမ္မာလာအောင် သွန်သင်ဆုံးမပေးသော အဖွဲ့လည်းဖြစ်ပါသည်။

လူငယ်အဖွဲ့၊အမျိုးသမီးအဖွဲ့နှင့်အမျိုးသားအဖွဲ့များသည်ကျေးရွာတွင်းရှိ သာရေးနာရေး ကိစ္စအဝဝ အတွက် ပါဝင်ကူညီ လုပ်ရှားပေးသော အဖွဲ့ဖြစ်ပါသည်။ ထို့အပြင် လူထုဗဟိုပြုကော်မတီ နှင့် ဖွံ့ဖြိုးရေးအဖွဲ့တို့သည် ကျေးရွာနှင့်ပတ်သက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးသော အဖွဲ့များဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ရာသီခွင်ပြ ပြက္ခဒိန်



ပါဝင်ဆွေးနွေးသူ - ကျား (၂၄) + မ (၂၄) = (၄၈) ဦး

ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဆီးပူကုန်းကျေးရွာသည် အများအားဖြင့် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပြီး ကျန်အခြားလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ အချို့မှာ ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လေ့ရှိသည်။

ဆန်းစပါးကို အဓိကလုပ်ကိုင်စားသောက်ကြသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ တွင် မိုးစပါးနှင့်နွေစပါးကိုပါစိုက်ပျိုးလုပ်ကိုင်စားသောက်ကြပါသည်။ ဖေဖော်ဝါရီနှင့် မတ်လအတွင်း တွင် နွေစပါးများစိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ရိတ်သိမ်းကြပါသည်။ထိုနောက် ဇွန်လိုင်လနှင့်ဩဂုတ်လတို့တွင် မိုးစပါးများထပ်မံစိုက်ပျိုးနေပြီး နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းကြပါသည်။

ကျေးရွာတွင် ခရစ်ယာန်များဖြစ်သည့်အတွက်ပွဲတော်များနှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ဇန်နဝါရီလတွင် နှစ်သစ်ကူးဘုရားရှိခိုးပွဲများရှိပြီး မတ်လတွင် အုပ်စုဘာသာရေးပွဲများကျင်းပလေ့ရှိပါသည်။ဒီဇင်ဘာလတွင်လည်း ခရစ်စ္စမတ်ပွဲတော်များလည်းကျင်းပလေ့ရှိပါသည်။

ကျေးရွာတွင်လည်း ရေးရှားပါးသည့်ရွာတစ်ရွာလည်းပါဝင်ပါသည်။အကြောင်းမှာ ရေထွက်ပေါက်နှင့်ကျေးရွာဝေးခြင်းကြောင့်ဖြစ်သည်။နွေတွင်အမြဲဖြစ်ပွားလေ့ရှိပြီး အခက်အခဲဖြစ်သော ကာလမှာ မတ်၊ဧပြီနှင့်မေလတို့ဖြစ်ပါသည်။

ကျေးရွာတွင်လည်းရောဂါဖြစ်များသော ကာလလည်းရှိနေသည်ကိုတွေ့ရပါသည်။ အထူး သဖြင့် ရာသီပြောင်းကာလများဖြစ်သော ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလ၊ ဇွန်နှင့်ဇူလိုင်လများတွင်ဖြစ် ပွားလေ့ရှိပြီး ၎င်းရောဂါများမှာ ဝမ်းပျက်ဝမ်းလျောနှင့်တုတ်ကွေးများဖြစ်ကြပါသည်။

ကျေးရွာတွင်လည်း ထုံးဖုတ်လုပ်ငန်းများကိုလဲ အချို့အိမ်ထောင်စုများလုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ အဓိက ထုံးဖုတ်ချိန်မှာ မတ်လနှင့် ဧပြီလများဖြစ်သည်။ ထိုကြောင့် ဆီးပူကုန်းကျေးရွာကိုသုံးသပ်ရာတွင် ရာသီတိုင်းအလုပ်လုပ်နေကြသည်ကိုတွေ့ရပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

ကျေးရွာ ကော်မတီများ စာရင်း

ကျေးရွာ- ဆီးပူကူနီ                                        ကျေးရွာ အုပ်စု - မြဲလဲ

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | မှတ်ပုံတင်နံပါတ် | ဖုန်း | လက်မှတ် |
|---|---|---|---|---|---|---|---|
| ၁။ | စီအောက်ကော်မတီ | ကာမလာဝါ | ၄၂ | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်) ၀၀၀၉၂၁ | ၀၉.၇၈၃၂၃၇၅၉၂ | [signature] |
| ၂။ | စီအောက်ကော်မတီ | ဖော်အေးမူ | | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်)၀၂၂၇၉၂ | ၀၉.၇၈၂၈၅၀၁၉၀ | [signature] |
| ၃။ | ဝယ်ယူရေး | ဦးအေးကျော် | ၄၃ | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၀၂၀၁၉ | | [signature] |
| ၄။ | ဝယ်ယူရေး | ဒေါ်အယ်ဒီးနာ | ၂၅ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၅၃၄၂၅ | | [signature] |
| ၅။ | ဝယ်ယူရေး | မောင်နိုးလို | ၅၂ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၂၀၀၉ | | [signature] |
| ၆။ | စောင့်ကြပ်ကြီးကြပ်ရေး | ဦးယိုရိ | ၄၃ | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၀၀၀၅၃ | ၀၉.၇၇၇၁၃၄၄၉၃၅ | [signature] |
| ၇။ | စောင့်ကြပ်ကြီးကြပ်ရေး | ဒေါ်အယ်ဘရဲလူ | ၂၄ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၅၃၂၃၉ | ၀၉.၂၅၈၆၆၇၄၀၁ | [signature] |
| ၈။ | စောင့်ကြပ်ကြီးကြပ်ရေး | ဒေါ်လေးလေဖော် | ၃၃ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၄၆၃၈ | | [signature] |
| ၉။ | ယာဉ်ပစ္စည်းပြုပြင်ထိန်းသိမ်းရေး | ဦးရွှေအောင် | ၄၄ | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၁၁၂၆၄ | | [signature] |
| ၁၀။ | ယာဉ်ပစ္စည်းပြုပြင်ရေး | ဦးသြသဘိဘွဲ | ၃၅ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၅၃၄၂၈ | | [signature] |
| ၁၁။ | ယာဉ်ပစ္စည်းပြုပြင်ထိန်းသိမ်းရေး | ဖော်ဘရူမေ | ၄၄ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၂၀၁၈ | | [signature] |
| ၁၂။ | အကြံပြု ကိုယ်စလှယ် | ဦးဖေဝင်း | ၄၈ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၁၃၃၃ | ၀၉.၇၇၉၂၃၈၆၅၅ | [signature] |
| ၁၃။ | အကြံပြု ကိုယ်စလှယ် | ဒေါ်ဝူးရီယာ | ၅၈ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၁၁၁၅ | ၀၉.၄၅၂၆၄၂၀၂၇ | [signature] |
| ၁၄။ | စာရင်းကိုင် | ဒေါ်မေးဝူ | ၃၃ | စာရင်းကိုင် | ၂/ဒမဆ(နိုင်)၀၃၈၈၄၁ | ၀၉.၇၈၄၄၁၇၄၄၀ | [signature] |
| ၁၅။ | [illegible] | ဦးအေးဝူ | ၃၉ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၅၄၃၄ | ၀၉.၇၇၈၇၇၆၆၄၃ | [signature] |
| ၁၆။ | [illegible] | ဒေါ်ကော်မော | ၂၃ | အဖွဲ့ဝင် | ၂/ဖဆန(နိုင်)၀၈၆၂၇၉ | | Kaw |
| | | | | | | | |
| | | | | | | | |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး [illegible] | 09784417440 | ဦး [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | မြဲလဲ | [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၂၅ | ဘာသာ (၁) ခရစ်ယာန် | ၃၀ |
| လူမျိုးစု (၂) ကယား | ၂ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ကရင် | ၃ | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | 71 | 72 |
| လူမျိုးစု (၂) ကယား | ၃ | ၇ |
| လူမျိုးစု (၃) ကရင် | ၇ | ၄ |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၂၉ | ၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း (circled) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

လူထုဖယ်ဖြိုး စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ပိုင်းပါ

(၁) လူထုဖယ်ဖြိုးစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-2015-/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-[handwritten]-/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-[handwritten]- တော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-[handwritten]- တော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --[handwritten]--

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖယ်ဖြိုးစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -[handwritten]-

(၂) -[handwritten]-

ကျေးရွာခေါင်းဆောင် အမည် [handwritten]

လက်မှတ် [signature] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် [handwritten]

လက်မှတ် [signature] နေ့စွဲ 25.10.2017

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

*ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

*လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။*

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး...

နေ့စွဲ ၂၅. ၁၀. ၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☒စက်ဝန်း(၃) ☐စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ ဆီးပူကုန်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၁၀.၂၀၁၇ | ၂၅.၁၀.၂၀၁၇ | ၈ | ၁၆ | ၂၄ | ၃ ကယန်း၊ ပဲ(ကယော်)၊ ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၁၀.၂၀၁၇ | ၂၅.၁၀.၂၀၁၇ | ၈ | ၁၆ | ၂၄ | ၃ ကယန်း၊ ပဲ(ကယော်)၊ ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၁.၂၀၁၇ | ၃၀.၁၁.၂၀၁၇ | ၈ | ၁၆ | ၂၄ | ၂ ကယန်း၊ ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

**ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

**လမ်းညွှန်ချက်၊** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတိကြယ်

နေ့စွဲ ၂၅-၁၀-၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြာလဲ | ကျေးရွာ ဆိုးလှကွန်း

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ခြံထွက်သီးနှံဈေးကွက် မကောင်းသည့် အခက်အခဲ | ၁ | စားဝတ်နေရေး အခက်အခဲ |
| ၂ | ဆေးခန်းရှိပေမယ့် ဆေးမရှိသည့် အခက်အခဲ | ၂ | ခြံထွက်သီးနှံများ ဈေးနှုန်း မကောင်းသည့် အခက်အခဲ |
| ၃ | အလုပ်အကိုင်မရှိ၍ အားတော်နေရ အခက်အခဲ | ၃ | အလုပ်အကိုင် အခွင့်အလမ်း မရှိသည့် အခက်အခဲ |
| ၄ | ရွာချင်းဆက်လမ်း မကောင်းသည့် အခက်အခဲ | ၄ | ခန်းမဆောင် မရှိသည့် အခက်အခဲ |
| ၅ | စာသင်ကျောင်းနှင့် ဝေးရသည့် အခက်အခဲ | ၅ | ရွာတွင်းလမ်း မကောင်းသည့် အခက်အခဲ<br>စာသင်ကျောင်း မရှိသည့် အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ခြံထွက်သီးနှံ ဈေးကွက်ကောင်းလာရမည် | ၁ | နေရေးထိုင်ရေး အဆင်ပြေလာရမည် |
| ၂ | အလုပ်အကိုင် အဆင်ပြေလာရမည် | ၂ | ခန်းမဆောင် တည်ဆောက်နိုင်ရမည် |
| ၃ | ဆေးခန်းရှိ၍ ဆေးရှိလာရမည် | ၃ | အလုပ်အကိုင် အခွင့်အလမ်း ရှိလာရမည် |
| ၄ | ရွာချင်းဆက်လမ်းကောင်း မွန်လာရမည် | ၄ | ကျား/မ တန်းတူ အခွင့်အရေး ရရှိလာရမည် |
| ၅ | စာသင်ကျောင်း ရှိလာရမည်<br>အားကစားကွင်း ရှိလာရမည် | ၅ | ကလေးတွေ ပညာတတ်များလာရမည်<br>စံပြကျေးရွာ ဖြစ်လာရမည် |

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အားကစားကွင်း | အမျိုးသား | | ၁၆၄ |
| ၂ | ခန်းမဆောင် | အမျိုးသား/သမီး | | ၁၆၄ |
| ၃ | စာသင်ကျောင်း | အမျိုးသမီး | | ၁၆၄ |
| ၄ | ရေတက်မော်တာဖြင့် ရေပိုက်သွယ်ယူခြင်း | " | | ၁၆၄ |
| ၅ | ရွာတွင်း ကျောက်ချောလမ်း တကြည့်ကျက် | အမျိုးသား/သမီး<br>အမျိုးသမီး | | ၁၆၄ |

**ဃ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မြို့နယ်မှတ်ကျသော ကျေးရွာနယ်နိမိတ် [illegible] | အမျိုးသား | |
| ၂ | တစ်နိုင်တစ်ပိုင် မွေးမြူရေး (ကြက်ဝက်) သင်တန်းနှင့် အရင်းအနှီး ထုတ်ပေးရန် | အမျိုးသမီး | |
| ၃ | | | |
| ၄ | ကျေးရွာ [illegible] (ဆေးရုံ/ဆေးခန်း) | အမျိုးသမီး | |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးရန် (လက်သမား၊ ပန်းရံ၊ [illegible]) | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် မောင်အောင်ပိုင်ထွန်း လက်မှတ် [signature] နေ့စွဲ ၂၅-၁၀-၂၀၁၇

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | [illegible] | ☑ မ<br>☐ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေး ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | [illegible] | ☑ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၈) + မ (၁၆) = (၂၄) ဦး

အစည်းအဝေးမစတင်မှီ တက်ရောက်သူအမည်စာရင်းများကို ကောက်ယူခဲ့ပါသည်။ ထို နောက်မိတ်ဆက်ခြင်းအစီအစဉ်ပြုလုပ်ခဲ့ပြီး အစည်းအဝေးအစီအစဉ်များကို တင်ပြခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး၏ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဦးတီရယ်မှတင်ပြခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ ကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများကိုရှင်းပြပြီး ၂၀၁၇ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ကော်မတီများအားလုံးတို့ကို ကျေးရွာလူထုထံမှသဘောတူညီ ချက်အရ ကန့်ကွက်ခြင်း မရှိပါသဖြင့်ယခင်နှစ်ကော်မတီများကိုဆက်လက်ခန့်အပ်ရန်နှင့် ခရီးလွန်သွားသူများကို ပြန်လည်အစားထိုးခဲ့ပါသည်။

ဆက်လက်ပြီး လူထုစည်းရုံးရေးမှူးဦးနေဒီထူးမှ PRAတစ်ခုချင်းစီ၏ ရည်ရွယ်ချက်များကိုရှင်းပြခဲ့ပါသည်။ ထို့နောက် PRAတစ်ခုချင်းစီကို အဖွဲ့လိုက် ဆွေးနွေးပြုလုပ်ကြပြီး တင်ပြဆွေးနွေးခဲပါသည်။ ထိုတင်ပြဆွေးနွေးချက်များအားလုံးတို့ကို လူထုစည်းရုံးရေးမှူး ဦးတီရယ် မှ ပြန်လည်အနှစ်ချုပ်ပေးခဲ့ပါသည်။ ထို့နောက်ကျေးရွာ၏ အခက်အခဲပြဿနာနှင့် နောင်လာမည် (၅)နှစ်မျှော်မှန်းချက်တို့ကို ဆွေးနွေတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းနှင့် အကျုံးဝင်၊ မကျုံးမဝင်များတို့ကို လူထုစည်းရုံးရေးမှူး ဦးနေဒီထူးမှ ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် ကျေးရွာလူထုများမှ ဦးစားပေးလုပ်ငန်းများကို အများသဘောတူညီချက်ဖြင့် အစဉ်လိုက်ရွေးချယ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးနှင့်ပတ်သက်၍လူထုစည်းရုံးရေးမှူးဦးတီရယ်မှ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာစီထောက်ဥက္ကဋ္ဌမှ တက်ရောက်သူများအားလုံးတို့ကို ကျေးဇူးတင်စကားများပြောကြားပြီးအစည်းအဝေးအစီအစဉ်ကို ရုတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတီရယ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၅-၁၀ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၈ | ၁၆ | ၂၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၅-၁၀ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၈ | ၁၆ | ၂၄ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၂၅-၁၀ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၈ | ၁၆ | ၂၄ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၅-၁၀ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၈ | ၁၆ | ၂၄ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၂၅-၁၀ ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၈ | ၁၆ | ၂၄ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၅-၁၀ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၈ | ၁၆ | ၂၄ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂၅-၁၀ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၈ | ၁၆ | ၂၄ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၂၅-၁၀ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၈ | ၁၆ | ၂၄ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၂၅-၁၀ ၂၀၁၇ | ရွာလူထု အားလုံး | ၈ | ၁၆ | ၂၄ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၂၅-၁၀ ၂၀၁၇ | ရွာလူထု အားလုံး | ၈ | ၁၆ | ၂၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၂၅-၁၀ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၈ | ၁၆ | ၂၄ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |